## ၇–၃ (ခ) ခမာ အင်ပါယာ (အေဒီ ၉– ၁၃ ရာစု)

နောက်ပိုင်း၊ အေဒီ ၉ ရာစုမှ ၁၃ ရာစုတွင် မဟာယနနှင့် ဟိန္ဒူတို့ ဩဇာကြီးသည့် ခမာအင်ပါယာသည် အရှေ့ တောင်အာရှ ကျွန်းဆွယ်၏ များစွာသော ဒေသများကို ထိန်းချုပ်ခဲ့ပေသည်။ ခမာများ၏ လက်အောက်၌ သာသနိက အဆောက်အအုံပေါင်း ၉၀၀ ကျော်ကို ကမ်ဘောဒီးယားနှင့် အိမ်နီးချင်း ထိုင်းနိုင်ငံတို့၌ တည် ဆောက်ခဲ့ပေသည်။ **အန်ကောသ**သည် ဤဖွံ့ဖြိုးမှု၏ ပင်မဌာနဖြစ်ခဲ့၍၊ ကျောင်းဝန်းနှင့် မြို့အဖွဲ့အစည်းသည် မြို့နေ လူ တစ်သန်း ပတ်ဝန်းကျင်ခန့်ကို ထောက်ပံ့နိုင်ခဲ့ပေသည်။ **ဂျယာဗာမင်** (၇) အေဒီ ၁၁၈၁–၁၂၁၉ သည် ကြီးကျယ်ဆုံးသော ဘုရင်များအနက် တစ်ပါးဖြစ်ပြီး **ဘေယွန်**နှင့် **အန်ကောသွန်**တွင် ကြီးမားသော မဟာယန ဗုဒ္ဓ ဆင်းတုတော်ကို တည်ဆောက်ခဲ့ပေသည်။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com